# သေစေနိုင်သော အပေးအယူ

YR C NO. 21

**အလွတ်ကျမ်းချက်။ ။ ရှင်ယောဟန်ခရစ်ဝင် ဩဝါဒစာ ပဌမစောင် ၄း၁**

**“ချစ်သူတို့၊ ခပ်သိမ်းသောစိတ်ဝိညာဉ်တို့ကို မယုံကြည်နှင့်။ စိတ်ဝိညာဉ်တို့သည် ဘုရားသခင်နှင့် စပ်ဆိုင်သည် မစပ်ဆိုင်သည်ကို စုံစမ်းကြလော့။ အကြောင်းမူကား၊ မိစ္ဆာပရောဖက်အများတို့သည် ဤလောကသို့ သွားကြပြီ။”**



## တနင်္ဂနွေနေ့ | ညှဥ်းပန်းနှိပ်စက်ခြင်းနှင့် ကြီးထွားလာခြင်း ၁

ယောဟန်သေဆုံးသောအချိန်၌၊ သမ္မာကျမ်းစာသည် ပြည့်စုံခဲ့သည်၊ သမ္မာကျမ်းစာတွင် သခင်ယေရှု၏ဒုတိယအကြိမ်ပြန်ကြွလာသည့်တိုင်အောင် ဘုရားသခင်၏လူများကို လမ်းညွှန်ဖို့ရန် လိုအပ်သောအရာအားလုံး ပါဝင်၏။ ကောရိန္သုဩဝါဒစာ ပဌမစောင် ၁၀:၁၁။ သမ္မာကျမ်းစာ၌ နောက်ထပ်မည်သည့်စာအုပ်များကို မရေးထားသော်ငြားလည်း၊ ပရောဖက်ဟောပြောချက်ဖြစ်သည့် ဒံယေလအနာဂတ္တိကျမ်းနှင့် ဗျာဒိတ်ကျမ်းတို့သည် နောက်ဆုံးအချိန်ကာလ၌ ဘုရားသခင်၏လူများ အခက်အခဲများနှင့် ညှဥ်းပန်းနှိပ်စက်ခြင်းကို ရင်ဆိုင်ရသည်နှင့်အမျှ၊ ဤစာအုပ်များသည် ထိုအရာများကို သိရှိရန်၊ သူတို့အတွက် အထူးအကူအညီဖြစ်စေပါသည်။ နောက်ဆုံးအချိန်၌ ထိုအရာများကိုသိဖို့ရန် ရဲရင့်ခြင်းကိုပေးပြီး၊ အပြစ်များအားလုံးသည် ထာဝရဖျက်စီးခံရလိမ့်မည်ဖြစ်ကြောင်းကို အားပေးထား၏။ ဒံယေလအနာဂတ္တိကျမ်း ၂း၄၄။

ရှေးဦး ခရစ်ယာန်အသင်းတော်သည် ကြီးထွားလာသည်နှင့်အမျှ၊ အသင်းတော်သည် ယုဒ(ဂျူး)ခေါင်းဆောင်များထံ ပထမဆုံးနှိပ်စက်ညှဥ်းပန်းခြင်းနှင့် ပြင်းထန်သောဆန့်ကျင်မှုကို ရင်ဆိုင်ခဲ့ရ၏။ ထို့နောက်၊ ရောမအင်ပါယာမှ ထိုနှိပ်စက်ညှဥ်းပန်းခြင်းနှင့် ပြင်းထန်သောဆန့်ကျင်မှုကို ရင်ဆိုင်ခဲ့ရလေ၏။ ခရစ်ယာန်များသည် လောက၏အခြားအစိတ်အပိုင်းများနှင့် ရောနှောပေါင်းသင်းခြင်း မပြုခဲ့ကြပါ။ အနည်းငယ်သောခြားနားမှုတိုင်းသည် တစ်စုံတစ်ဦးအား သံသယဖြစ်ဖွယ်၊ မနာလို သို့မဟုတ် ဒေါသထွက်စေရန် လုံလောက်၏။ သူတို့သည် သခင်ယေရှုအပေါ် သစ္စာစောင့်သိမှုကြောင့် မကြာခဏ ဆင်းရဲဒုက္ခကိုခံရလေ့ရှိ၏။ အသင်းတော်သည် ကမ္ဘာကြီးကို အံ့အားသင့်စေပြီး ဆက်၍ကြီးထွားလာ၏။ အီဂျစ်ပြည်၌ ဘုရားသခင်၏လူမျိုးများ နှိပ်စက်ညှဥ်းပန်းခံရသည့်အခါ ဘာဖြစ်ပျက်ခဲ့သည်ကို သတိရလိုက်ပါ။ ထွက်မြောက်ရာကျမ်း ၁း၁၂၊ ၂၀။ ဤအသစ်သောခရစ်ယာန်များသည် သခင်ယေရှုကို ချစ်ကြပြီး၊ သေနိုင်သည်ဟု ထင်လျက်ပင်၊ နာခံမှုရှိသောဘုရားသခင်၏လူမျိုးတော်နှင့် ပူးပေါင်းရန် အသင့်ရှိခဲ့ကြလေ၏။ ဤအသစ်သောယုံကြည်သူများကို ယေရှုအတွက် သူတို့၏အသက်ကိုစွန့်ဖို့ရန် မည်သည့်အရာက လှုံ့ဆော်ပေးခဲ့သနည်း။ မည်သည့်အရာက သူတို့ကို အရှုံးမပေးရန် တားဆီးခဲ့သနည်း။ ကောရိန္သုဩဝါဒစာ ဒုတိယစောင် ၅း၁၄၊ တိတုဩဝါဒစာ ၂း၁၁-၁၄။



၎င်းသည် ထူးခြားဟန်ရှိသည်။ အလွန်အံ့ဩဖွယ်လည်း ကောင်းလှပါသည်။ သူတို့ (ခရစ်ယာန်များ) သည် ညှဥ်းပန်းနှိပ်စက်ခြင်းဒုက္ခကို ခံစားရသည့်တိုင်၊ မယုံကြည်သူ ယုဒ(ဂျူး)များနှင့် အယူမှား (ရုပ်ထု နှင့် အခြားကိုးကွယ်မှု) များကို ခရစ်ယာန်များဖြစ်လာရန် ဆွဲဆောင်နိုင်ခဲ့၏။ ၎င်းသည် အကြီးမားဆုံးသောဆွဲဆောင်မှုများထဲမှ ယေရှု၏နောက်လိုက်များအား ပျော်ရွှင်ဝမ်းမြောက်မှု ဖြစ်စေခဲ့သော အရာတစ်ခုဖြစ်လာခဲ့သည်။ အဘယ်အရာက သူတို့(ယေရှု၏နောက်လိုက်များ)အား ပျော်ရွှင်မှုကို ဖြစ်စေခဲ့သနည်း။ ရှင်မဿဲခရစ်ဝင် ၅း၁၀-၁၂၊ ရှင်ပေတရုဩဝါဒစာ ပဌမစောင် ၄း၁၂-၁၄။

အဘယ်ကြောင့် ဤရှေးဦးခရစ်ယာန်များသည် သူတို့၏ဒုက္ခဆင်းရဲခံရခြင်းကို “အလင်းဆင်းရဲဒုက္ခ” ဟု ခေါ်သနည်း။ ကောရိန္သုဩဝါဒစာ ဒုတိယစောင် ၄း ၁၇၊ ၁၈။

ယနေ့၊ လူအများတို့သည် မပျော်ရွှင်ကြပါ။ သူတို့သည် ပျော်ရွှင်လိုကြ၏။ သို့သော် ပျော်ရွှင်မှုကို အဘယ်သို့ ရနိုင်ကြောင်းကို သူတို့မသိကြချေ။ ငွေကြေးသည် ပျော်ရွှင်ခြင်းကို မဝယ်နိုင်ပေ။ ဂုဏ်သတင်းကျော်စောမှု၊ ဂုဏ်အသရေ၊ ဩဇာအာဏာအားလုံးတို့သည် စိတ်ဖိစီးမှုနှင့် စိုးရိမ်ပူပန်မှုကို ယူဆောင်လာပြီး၊ သူတို့ပြုလုပ်သောအဘယ်ပျော်ရွှင်မှုကိုမဆို ဖျက်စီး၏။ တေးဂီတ၊ အားကစား၊ စီးပွားရေးနှင့် ရုပ်ရှင်စသည့်နယ်ပယ်များ၌ ကျော်ကြားခြင်း၏ရလဒ်ကြောင့် ဝမ်းနည်းပူဆွေးခြင်းနှင့် မကျေနပ်မှုများကို မကြာခဏ ဖြစ်ပေါ်လေ့ရှိ၏။ ကျွန်ုပ်တို့သည် ဤအရာများကို သူတို့ထံ၌ “အရာအားလုံး” ရှိသည့်ဟန်ရှိသော လူအများကြားတွင် ၎င်းမူးယစ်ဆေးဝါးပြဿနာများ၊ ကွာရှင်းမှုများနှင့် မိမိကိုယ်ကိုသတ်သေမှုများအားလုံးကို တွေ့ရပါသည်။

**လက်တွေ့ကျင့်သုံးရန်။** သင်သည် မည်သည့်အရာကို ပိုင်ဆိုင်ချင်ပါသလဲ။ ငွေလား။ ဂုဏ်သတင်းကျော်စောမှုလား။ ဆန်းပြားသောအဝတ်အထည်လား။ အလွန်ကောင်းသော ကားတစ်စီးလား။ အိမ်ကြီးတစ်လုံးလား။ သို့မဟုတ် သင်သည် ပျော်ရွှင်မှုကို ရလိုပါသလား။ သင်သည် ဤရှေးခရစ်ယာန်များပြုလုပ်ခဲ့သည်နည်းတူ သခင်ယေရှုခရစ်တော်ကို ချစ်ပါက၊ သင်သည် ပျော်ရွှင်မှုကို ရလိမ့်မည်။

သမ္မာကျမ်းစာသည် ကြီးမားသောဉာဏ်ပညာကို ကမ်းလှမ်းခဲ့သည်ကို သူတို့တွေ့မြင်ခဲ့ကြသော်လည်း၊ လောက၏မှားယွင်းသော "ဉာဏ်ပညာ" ကို စွဲကိုင်ထိန်းသိမ်းထားလိုကြ၏။

သို့သော်၊ သူတို့သည် ထိုအရာကို အဘယ်သို့ လုပ်နိုင်မည်နည်း။ သမ္မာကျမ်းစာသည် အယူမှားဝါဒ (အခြားသောဘုရားများအား ကိုးကွယ်မှု) နှင့် ဆန့်ကျင်သည်။ အဘယ်သူမဆို လူတိုင်းသည် ယုံကြည်ချက်နှစ်ခုကို အတူတကွ ထားနိုင်မည်လော။ ကောရိန္သုဩဝါဒစာ ဒုတိယစောင် ၆း၁၆-၁၈။



ဤဆရာနှစ်ဦးသည် အလွန်ရှုပ်ထွေးမှုတစ်ခုနှင့်၊ မရိုးသားသောနည်းလမ်းဖြင့် သူတို့လိုချင်သောအရာကို လုပ်ဆောင်ဖို့ရန် ရောက်လာခဲ့၏။ သူတို့က သမ္မာကျမ်းစာသည် လျှို့ဝှက်ဆန်းကြယ်သောစာအုပ်ဖြစ်သည်ဟု ပြောခဲ့ကြ၏။ မည်သည့်လူများမဆို အသေအချာနားမလည်နိုင်ပေ၊ ကျမ်းပိုဒ်တိုင်းတွင် ကွဲပြားခြားနားသော အဓိပ္ပာယ်အမျိုးမျိုးရှိကြောင်းနှင့် ပညာရှိသူများသာ (အမှန်၊ သူတို့ကဲ့သို့သောသူ) ဤလျှို့ဝှက်အမှန်တရားများကို နားလည်နိုင်မည်ဟု သူတို့က ပြောဆိုခဲ့ကြ၏။ သူတို့က “သမ္မာကျမ်းစာသည် ကျမ်းစာ၌ ရေးသားခံရသည့်အလျောက် ၎င်းကိုနားလည်နိုင်သော အနည်းငယ်သောသူတို့သာ အသုံးပြုနိုင်ဖို့ရန်ဖြစ်သည်” ဟု ဆိုခဲ့သည်။ အမှန်မှာ၊ သမ္မာကျမ်းစာမှာ အမှန်တကယ်ပြောဆိုသောအရာများကို အာရုံစိုက်ဂရုပြုသူ မည်သူမဆိုသည် ကောင်းကင်သို့ဘယ်တော့မျှသွားရလိမ့်မည်မဟုတ်ဟု သူတို့ပြောနေခြင်းဖြစ်၏။

ဝမ်းနည်းဖွယ်ကောင်းသည်မှာ အံ့အားသင့်စရာမဟုတ်ပါ။ သူတို့သည် သမ္မာကျမ်းစာတွင် ရှာတွေ့ဟန်ဆောင်ထားသော “လျှို့ဝှက်အမှန်တရားများ” သည် သူတို့၏ကိုယ်ပိုင်အယူမှားသွန်သင်ချက်များဖြစ်ပြီး၊ သမ္မာကျမ်းစာအမှန်တကယ်ပြောဆိုသည့်အရာများနှင့် လုံးဝမကိုက်ညီမှုမရှိပေ။

ယနေ့လူတို့သည် သမ္မာကျမ်းစာပါအမှန်တရားများကို အခြားအကြောင်းရင်းမြစ်များမှအတွေး အခေါ်များနှင့် ရောနှောရန် သွေးဆောင်စုံစမ်းခံနေရဆဲဖြစ်၏။ လွန်ခဲ့သောနှစ်ပေါင်းရာချီကကဲ့သို့ပင် ယခုသည်လည်းအန္တရာယ်ရှိသောအချိန်ဖြစ်သည်။ ဤကဲ့သို့သောအရာများသည် ရုပ်မြင်သံကြားနှင့် စာသင်ကျောင်းများစွာတွင် အမြဲတမ်းဖြစ်ပျက်နေသည်။ ပို၍ ဆိုးသည်မှာ မိမိတို့ကိုခရစ်ယာန်များဟု ဆိုကြသည့်ဆရာများ၊ ပါမောက္ခများနှင့် သိပ္ပံပညာရှင်များကို တွေ့နေရသည်မှာ မထူးဆန်းပေ၊ သို့သော် သူတို့သည် လူလုပ်ထားသောသီအိုရီများကို အလွန်ယုံကြည်သည့်အတိုင်း၊ သမ္မာကျမ်းစာကိုမူ မယုံကြည်ကြပေ။ ဤအရာဖြင့် မမိုက်မိစေပါနှင့်။ ထိုသို့သောသူများသည်မည်မျှပင် ပညာရှိသည်ဟုပြောဆိုစေကာမူ၊ မှားယွင်းနေဆဲဖြစ်၏။

**လက်တွေ့ကျင့်သုံးရန်။** သမ္မာကျမ်းစာကို ကျွန်ုပ်တို့မည်သို့နားလည်သင့်ကြောင်း ဘုရားသခင်က ဘာပြောသနည်း။ ရှင်လုကာခရစ်ဝင် ၄း၄၊ ဟေရှာယအနာဂတ္တိကျမ်း ၈း၂၀။

## သောကြာနေ့ | အန္တရာယ်ရှိသော အပေးအယူ ၆

ဘုရားသခင်၏လူများတို့သည် ကြီးမားသောအန္တရာယ်ထဲ၌ ရောက်နေခဲ့ရသည်။ တစ်ကိုယ်ကောင်းဆန်သော အသင်းတော် ခေါင်းဆောင်များသည် ခရစ်တော်ထံမှ လှည့်ထွက်သွားခဲ့ကြပြီး၊ သူတို့၏ ကိုယ်ပိုင်ကြွယ်ဝခြင်းအမှုနှင့် ဩဇာအာဏာကအတွက် အလုပ် လုပ်ဆောင်ခဲ့ကြ၏။ သူတို့သည် လူများအား သခင်ယေရှုကိုညွှန်ပြပေးမည့်အစား၊ လူတို့၏စိတ်နှလုံးကို သမ္မာကျမ်းစာမှ ဝေးကွာသွားစေသည့်အရာများကို သွန်သင်နေကြ၏။ ဤလူတို့သည် လူသားတိုင်းအား မိမိတို့ကိုသာ အာရုံစိုက်ပေးရန် အလိုရှိခဲ့ကြသည်။

ဘုရားသခင်သည် မိမိလူများကို ကူညီဖို့ရန် ဘာလုပ်ဆောင်နိုင်မည်နည်း။ သူတို့ကိုစည်းစိမ်များနှင့် ကောင်းကြီးပေးသင့်သလော။ ဘုရားသခင်သည် သူတို့အား ငြိမ်းချမ်းရေးကို ပေးသင့်သလား။ သို့မဟုတ် သူတို့သည် ဂရုမစိုက်ဘဲလျက်၊ ထိုကောင်းချီးများကို ဘုရားသခင်ထံမှ ရရှိကြောင်းကို မေ့သွားမည်လော။ တရားဟောရာကျမ်း ၈း၁၁-၁၇။

ဗျာဒိတ်ကျမ်း၌ အသင်းတော်ခုနစ်ပါးထံ ပေးပို့သောသတင်းစကားကို သင်သတိရ မှတ်မိပါသလား။ ဒုတိယမြောက်အသင်းတော်ဖြစ်သော စမုရနအသင်းတော်သည် ဤအချိန်ကာလကို ဖော်ပြထားသော အသင်းတော်တစ်ပါးဖြစ်သည်။ သူတို့ထံ သခင်ယေရှုပို့ပေးသော သတင်းစကားကို ဗျာဒိတ်ကျမ်း ၂း၈-၁၁ ၌ ဖတ်ပါ။

ဤအချိန်တွင် စစ်မှန်သောခရစ်ယာန်များစွာ ရှိခဲ့၏။ သို့သော် တစ်ကိုယ်ကောင်းဆန် (ကိုယ်ကျိုး) လိုက်သောခေါင်းဆောင်များနှင့် သူတို့၏ နောက်လိုက်များလည်း “ဂျူးလူမျိုးဟုတ်၊ မဟုတ်ဟု ဆိုကြသော်လည်း၊ အမှန်မှာ သူတို့သည် စာတန်၏တရားဇရပ်တစ်ခု ဖြစ်သည်။” ဝမ်းနည်းစရာကောင်းသည်မှာ၊ နှစ်ပေါင်းများစွာကုန်လွန်လာသည်နှင့်အမျှ ဤတစ်ကိုယ်ကောင်းဆန်ပြီး ဆိုးညစ်သောလူများသည် လူများကို ပို၍ပို၍ လမ်းလွဲသွားခဲ့၏။ နောက်ဆုံးတွင် ဘုရားသခင်သည် မိမိလူမျိုးကိုကူညီရန် အခြားမည်သည့်အရာမျှ လုပ်ဆောင်နိုင်ခြင်းမရှိဘဲ၊ စမုရနအသင်းတော်အား ပို့ပေးသည့်သတင်းစကားတွင် ဖော်ပြထားသော ဆယ်ရက်ကြာဆင်းရဲဒုက္ခများကို နှိပ်စက်ညှဥ်းပန်းရန် ခွင့်ပြုသည်။

ဤညှဥ်းပန်းနှိပ်စက်မှုသည် ဒိုင်အိုကလစ်ရှင်း(Diocletian) လက်ထက်တွင် စတင်ခဲ့ပြီး (အေဒီ ၃၀၃-၃၁၃ မှ) ၁၀နှစ်တာ ကာလအတွင်း၊ ခရစ်ယာန်များသည် ရက်စက်ညှဥ်းပန်းခြင်းနှင့် နှိပ်စက်ခြင်းကိုခံခဲ့ရ၏။ ဆယ်နှစ်ကြာပြီးနောက်၊ ဒိုင်အိုကလစ်ရှင်း (Diocletian) ၏ အရိုက်အရာကိုဆက်ခံသူ ဂလာရီယပ်စ် (Galerius) သည် အလွန်အမင်းအနာရောဂါစွဲကပ်ခြင်းခံခဲ့ရသည်။ သူသည် ဆရာဝန်များစွာထံ ကုသရန် သွားပြသော်လည်း၊ မည်သူမျှ မကူညီနိုင်ခဲ့ပါ။ သူခံစားရသောဆင်းရဲဒုက္ခသည် အလွန်ဆိုးရွားလာသောကြောင့်၊ နောက်ဆုံး၌ သူသည် ခရစ်ယာန်များအား နှိပ်စက်ညှဥ်းပန်းခြင်းကိုရပ်တန့်ရန် အမိန့်ပေးပြီး၊ ရောမဧကရာဇ်မင်း (သူ့)အတွက် ဆုတောင်းပေးရန် စာရှည်ထုတ်ပြီး ခရစ်ယာန်များအား တောင်းဆိုခဲ့၏။ ခရစ်ယာန်များသည် သူတို့၏အုပ်စိုးရှင်များအတွက် ဆုတောင်းပေးသင့်ပါ သလော။ တိမောသေဩဝါဒစာ ပဌမစောင် ၂း၁-၃။



**လက်တွေ့ကျင့်သုံးရန်။** အစိုးရသည် လူတို့အား ယုံကြည်ချက်အတွက် လွတ်လပ်ခွင့်ကို အာမခံပေးခြင်းအပြင် ဘာသာရေးဆိုင်ရာ ဥပဒေများ ချမှတ်သင့်သလော။ သူတို့သည် လူတို့ကို ဘုရားသခင်အား မည်သို့ ဝတ်ပြုကိုးကွယ်ရမည်ကိုပြောသင့်သလား။ ထို့နောက် သဘောမတူ ဆန့်ကျင်သောသူများကို နှိပ်စက်ညှဥ်းပန်းသင့်သလား။

## တနင်္လာနေ့ | အသစ်သော အစီအစဉ် ၂

စာတန်သည် အမြဲဆိုးသောသူ မဟုတ်ခဲ့ချေ။ သူသည် အပြစ်မကျူးလွန်ခင်၊ လူစီဖာ “အလင်းသယ်ဆောင်လာသူ” ဖြစ်ခဲ့၏။ သူသည် ကောင်းကင်ဘုံ၌ ကောင်းကင်တမန်များတို့တွင်အကြီးမားဆုံး သို့မဟုတ် တန်ခိုးအကြီးဆုံးပုဂ္ဂိုလ်တစ်ယောက်ဖြစ်ခဲ့၏။ သူသည် အပြစ်ပြုမိပြီး၊ ဘုရားသခင်ထံမှ မိမိကိုယ်ကို ကွဲကွာစေခဲ့သော်လည်း၊ သူ့မှာ ဘုရားသခင်ဖန်ဆင်းပေးခဲ့သည့်ထူးချွန်သောဦးနှောက်ဉာဏ်ရည်အစွမ်းအစရှိနေဆဲဖြစ်သည်။



စာတန်သည် ခရစ်ယာန်အသင်းတော်ကို ညှဥ်းပန်းနှိပ်စက်ခြင်းအားဖြင့် မဖျက်စီးနိုင်ကြောင်းကို သူသိသောအခါ၊ သူသည် အသစ်သောအစီအစဉ်တစ်ခုဖြင့် ဆက်လက်လှုပ်ဆောင်ရန်လိုအပ်ကြောင်းကို သူသိလေ၏။ သို့သော် ဘုရားသခင်အကာအကွယ်ပြုသောတစ်စုံတစ်ယောက်ကို သူသည် အဘယ်သို့တိုက်ခိုက်နိုင်မည်နည်း။ ဗာလက်မင်းနှင့် ဗာလမ်တို့၌ ဤကဲ့သို့တူညီသောပြဿနာမျိုးကို ကြုံခဲ့ရသည့် အချိန်ကာလကို သင်သတိရပါသလား။ ဝတ်ပြုရာကျမ်း ၂၃း၂၀-၂၃။

ဗာလမ်လက်ထက်၌၊ ဘုရားသခင်ကဣသရေလလူမျိုးများ၌ ဆိုးညစ်သောအမှုနှင့် ဆိုးသွမ်းခြင်းအမှု မရှိခဲ့ကြောင်း ပြောဆိုခဲ့၏။ သူတို့သည် ဘုရားသခင်၏စကားတော်များကို နာခံခဲ့ကြသောကြောင့်ဖြစ်သည်။ ဘုရားသခင်သည် မိမိလူမျိုးများပတ်လည်၌ ကာကွယ်ခြင်းအားဖြင့်၊ သူတို့သည် သူ၏စကားတော်များကို နာခံလိုက်လျှောက်သရွေ့ ဘေးကင်းလုံခြုံလိမ့်မည်ဖြစ်သည်။ စာတန်အတွက် တစ်ခုတည်းသောနည်းလမ်းမှာ အတိတ်က နာခံမှုရှိသောသူတို့အား နာခံမှုမရှိသောသူများဖြစ်ရန် ဦးတည်ပေးခြင်းဖြစ်သည်။

စာတန်သည် ဣသရေလလူမျိုးများအား ရုပ်ထုဆင်းတုသည် ဆွဲဆောင်စရာဖြစ်စေဖို့ရန်နှင့် ထုလုပ်ကိုးကွယ်ကြစေရန် ဗာလက်နှင့် ဗာလမ်ကို အသုံးပြုခဲ့၏။ ထိုသို့သောအချိန်တွင် သူသည် အမှန်တကယ်ဘုရားသခင်ကို ကိုးကွယ်နေသောသူများ၏ အတွေးအခေါ်များကို မိုက်မဲစေခဲ့၏။ ထို့နောက် သူတို့သည် ကတိတော်နှင့်ဆိုင်သော ခါနာန်ပြည်သို့ မဝင်စားမီ၊ နားထောင်မှု၊ နာခံမှု မရှိသောသူများ၊ ဆိုးသွမ်းသောသူများဖြစ်လာရန် သွေးဆောင်ခံခဲ့ရကြ၏။

ယခုတွင် စာတန်သည် ခရစ်ယာန်များကို ဖျက်စီးရန်နှင့် ခရစ်ယာန်ဘာသာ၏ပြန့်နှံ့မှုကို ရပ်တန့်စေရန် ရှေးခရစ်ယာန်အသင်းတော်ကိုလည်း၊ ဖိအားပေး၍ ထိုကဲ့သို့သော အစီအစဉ် (သို့) စီမံကိန်းကို အသုံးပြုနေခဲ့လေ၏။

**လက်တွေ့ကျင့်သုံးရန်။** ဤပြောင်မြောက်သော စာတန်၏ အ ကြံအစည် သို့မဟုတ် အစီအစဉ်စီမံကိန်းသည် အလွန်အောင်မြင်ခဲ့၏။ ဤအရာသည် လူများအား၊ သူတို့က အမှန်တကယ်မှာ သူတို့၏ကိုယ်ပိုင်နည်းလမ်း သို့မဟုတ် ကိုယ့်အလိုသို့လိုက်နေစဉ်၊ သူတို့သည် ခရစ်ယာန်ဖြစ်နေဆဲဖြစ်သည်ဟု ထင်မြင်စေခဲ့သည်။ ၎င်းသည် သူတို့အား မိုက်မဲစေခဲ့၏။ ဤကဲ့သို့သော ဝတ်ပြုကိုးကွယ်မှုသည် အမြဲတမ်း နာမည်ကျော်ကြားလိမ့်မည်ဟု ထင်ကြ၏။ သို့သော် ၎င်းသည် ပျက်ဆီးခြင်း၌သာ အမြဲတမ်း အဆုံးသတ်ရလိမ့်မည်။ ပေါလုသည် ခရစ်ယာန်များအား မြော်လင့်ဖို့ရန် အဘယ်သို့သတိပေးခဲ့သနည်း။ တမန်တော်ဝတ္ထု ၂၀:၂၉-၃၁။

## အင်္ဂါနေ့ | ကြီးမြတ်ခြင်းသို့ ရောက်လိုခြင်း ၃

စိတ်နှလုံးသားထဲ၌ တကိုယ်ကောင်းဆန်ခြင်းသည် အပြစ်ဒုစရိုက်အားလုံး၏အရင်းအမြစ်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်က ကျွန်ုပ်တို့အား လုပ်ဆောင်ဖို့ရန် တောင်းဆိုထားသောအရာများထက် ကျွန်ုပ်တို့က မိမိလုပ်ချင်သောအရာများသည် ပို၍အရေးကြီးသည်ဟု ဆုံးဖြတ်သည့်အခါတိုင်း ကျွန်ုပ်တို့ အပြစ်ပြုမိ၏။ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ပိုင်အတွက် အမှန်တကယ်လုပ်ဆောင်သောအခါ ဘုရားသခင်အတွက် အလုပ်လုပ်သည်ဟု ဟန်ဆောင်သည့်အခါ လိမ်ညာခြင်းအပြစ် (သို့) လျှို့ဝှက်ခြင်းအပြစ် (sin of hypocrisy) ကို ထပ်၍ ပေါင်းထည့်စေသည်။

လူစီဖာသည် ထိုသို့လုပ်ဆောင်ခဲ့သည်။ သူသည် အသင်းသူအသင်းသားများနှင့် အသင်းတော်ခေါင်းဆောင်များကို စုံစမ်းသွေးဆောင်သည့်အရာမှာ ထိုအရာဖြစ်သည်။ ဤသို့ သူသည် အောင်မြင်သည်နှင့်အမျှ၊ လူတို့သည် အခြားသူများအား ဘုရားသခင်ထံသို့ ဟန်ဆောင်ပို့ဆောင်ခြင်းဖြစ်စေလေ၏။ သူတို့သည် ကြီးထွားတိုးတက်စေသော်လည်း အမှန်တကယ်မှာ “မှားယွင်းသောစကားများကို ပြောဆိုခြင်း၌၊ တပည့်တော်တို့ကို သွေးဆောင်ခဲ့သည်” (တမန်တော်ဝတ္ထု ၂၀:၃၀) ။

ယေရှုခရစ်တော်သည် မိမိတပည့်တော်တို့အား ကြီးမြတ်လိုခြင်း သို့မဟုတ် မိမိကိုယ်ကို ဦးစားပေးလိုခြင်းနှင့်ပတ်သက်၍ ဘာပြောခဲ့သနည်း။ ရှင်မာကုခရစ်ဝင် ၁၀:၄၂-၄၅။

တပည့်တော်တကျိပ်မှ နောက်ဆုံးတစ်ယောက်ဖြစ်သော ယောဟန်သေဆုံးပြီးနောက် နောက်လိုက်တော်များ၊ မိမိကိုယ်ကိုလိုက်လံဆွဲဆောင်သော တကိုယ်ကောင်းဆန်သည့်လူများ၏အပြစ်သည် လျှင်မြန်စွာကြီးထွားလာ၏။ အများအားဖြင့်၊ ဤသို့ဖြစ်ပျက်ခဲ့သည်-ဘုရားဝတ်မွေ့လျော်သောသူများကို ဒေသခံအသင်းတော်၏ခေါင်းဆောင်များအဖြစ် ရွေးချယ်ပြီး၊ အခြားခရစ်ယာန်များသည် ဘုရားသခင်အတွက် သူတို့၏အမှုတော်ကြောင့် သူတို့ကို လေးစားမှုပြုကြလိမ့်မည်။

သို့သော် အချိန်ကုန်လွန်လာသည်နှင့်အမျှ၊ ဤသို့သောလူအချို့တို့သည် လေးစားမှု သို့မဟုတ် အထင်ကြီးမှုကိုသာ တောင်းဆိုဖို့ရန် စတင်လာကြ၏။ သူတစ်ပါးအကျိုးဆောင်ရန်နှင့် သူတို့အပေါ်ကောင်းချီးဖြစ်စေရန်ထက် လေးစားမှုနှင့် သူတို့၏အကျိုးစီးပွားအတွက် စတင်လုပ်ဆောင်လာခဲ့ကြ၏။ ဤအရာသည် အဘယ်သောအခါမျှ၊ မမှန်ပါဘူး။ သခင်ယေရှု လုပ်ဆောင်ခဲ့သောအရာမှာ ထိုအရာမဟုတ်ပေ၊ မ ဟုတ်ပါသလော။

ပို၍ကြီးသော အသင်းတော်များ၏ ခေါင်းဆောင်များသည် နောက်ဆုံးတွင် သူတို့ကိုသူတို့ “ဂိုဏ်းအုပ် သို့မဟုတ် ဂိုဏ်းချုပ်ဘုန်းတော်ကြီးများ (bishops)” ဟု ခေါ်ကြပြီး၊ မိမိတို့ကိုယ်ကို အသင်းတော်ငယ်များ၏ခေါင်းဆောင်များထက် ပို၍အရေးကြီးသည်ဟု ထင်မြင်လာကြ၏။ ဤဂိုဏ်းချုပ်များအကြား သဘောထားကွဲလွဲမှုများပေါ်ပေါက်လာသည့်အခါတွင်၊ သူတို့ထဲ၌ မည်သူသည် အရေးအပါဆုံးဖြစ်သည်ကို တိုက်ခိုက်ရန် နှင့် အငြင်းအခုံလုပ်ရန် အစပြုလေ၏။

ဂိုဏ်းချုပ်ဘုန်းတော်ကြီးများမှ တစ်ပါးဖြစ်သူ Eleutherius (အီလိယူတီရိယက်စ်) အမည်ရှိသောသူက မည်သူသည်အရေးကြီးဆုံးဖြစ်သည်ကိုသိသည်။ သူသည် အခြားသောဂိုဏ်းချုပ်များအား သူ့စကားကို နားထောင်ရန် လိုအပ်သည်ဟူ၍လည်းကောင်း၊ သူယုံကြည်သည်ကို ယုံကြည်ရန်နှင့် အသင်းတော်၏ကိစ္စရပ်များတွင် သူလုပ်ခဲ့သည့်အတိုင်း ပြုလုပ်ရန်သော်လည်းကောင်း ကြေငြာချက်ထုတ်ပြန်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူသည် “ဘုန်းတော်အထင်ရှားဆုံးဖြစ်သောတမန်တော်နှစ်ပါးဖြစ်သည့် ပေတရုနှင့် ယောဟန်တို့ ရောမမြို့၌တည်ထောင်ခဲ့သော “အသင်းတော်” ကို ရှာတွေ့ပြီး၊ ပြန်လည်ဖွဲ့စည်းခဲ့သောကြောင့် ဖြစ်သည်။ ၎င်းသည် အေဒီ ၁၈၀ ခန့်တွင် ဖြစ်ပျက်ခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်။** ရောမမြို့သည် အင်ပါယာ၏မြို့တော်ဖြစ်ခဲ့သော်ငြားလည်း၊ ရောမမြို့ရှိအသင်းတော်သည် အခြားသော အသင်းတော်များထက် ပို၍အရေးကြီးသောအသင်းတော် ဖြစ်စေမည်လော။ မိမိသည် အခြားသူများထက် ပို၍အရေးကြီးသည်ဟု ထင်သောသူများအား ဘုရားသခင်သည် ဘာပြောခဲ့သနည်း။ ရောမသြဝါဒစာ ၁၂း၃။

## ဗုဒ္ဓဟူးနေ့ | လူများတို့၏ လိုချင်သောအရာ ၄

ခရစ်ယာန်အသင်းတော်သည် သူတို့က အခြားသောလူမျိုးများ (တိုင်းပြည်များ)ထက် ဘုရားသခင်အတွက် အရေးကြီးသော လူမျိုးများ (တိုင်းပြည်)ဖြစ်သည်ဟု ထင်ခဲ့ကြသော ယုဒလူမျိုးများကဲ့သို့ ပို၍ ပို၍ ချက်ချင်း တူညီလာခဲ့ကြ၏။ အချို့သော အသင်းတော် ဂိုဏ်းချုပ်များနှင့် သူတို့၏နောက်လိုက်များတို့သည် သူတို့၏ရာထူးနှင့် သြဇာအာဏာကို သူတို့၏ကိုယ်ပိုင်ကြွယ်ဝချမ်းသာခြင်းကို ရရှိရန် အသုံးပြုခဲ့ကြ၏။ တခါတရံ၊ ဤဂိုဏ်းချုပ်များသည် အခြားသောဂိုဏ်းချုပ်များကို အသေသတ်ရန် လျှို့ဝှက်စွာ ကြိုးပမ်းခဲ့ကြ၏။ ဤအရာကို ယေရှုခရစ်တော်၏ပုံပမာအားဖြင့် နှိုင်းယှဥ်ကြည့်ပါ။ ဖိလိပ္ပိသြဝါဒစာ ၂း၃-၈။

ဖြောင့်မတ်ခြင်းနှင့် အပြစ်တရား၏ ခြားနားချက်အမှန်ကား အဘယ်နည်း။ အပြစ်တရားက “ငါလိုချင်သည့်အရာကို ငါသိ၏၊ ငါ့ကို အဘယ်သူမှ မတားဆီးနိုင်၊ ငါဘာလုပ်ရမလဲဟူသည်ကို ငါပြောချင်၏” ဟု ပြောဖို့ရန် ကျွန်ုပ်တို့အား လမ်းပြပေး၏။ သို့သော် ဖြောင့်မတ်ခြင်းက ကျွန်ုပ်တို့အား “သင့်အတွက် အကောင်းဆုံးအရာကို ငါအလိုရှိ၏၊ ထို့အပြင် သင်သည် ထိုအရာကို ရရှိနိုင်ဖို့အတွက် ငါ၏အသက်ကိုတောင် ပေးချင်လို၏” ဟု ပြောဖို့ရန် ပို့ဆောင်ပေး၏။

တစ်ချိန်က၊ ကွန်စတင်တီနိုပဲလက်အသင်းတော်၏ဂိုဏ်းချုပ်ဘုန်းတော်ကြီးဖြစ်လိုသော လူနှစ်ယောက်ရှိခဲ့၏။ သူတို့နှစ်ဦးသည် သူတို့၏အငြင်းအခုန်ပြုခြင်းကို လုံးဝထိန်းချုပ်၍ မရနိုင်ခဲ့ကြတော့ချေ။ ဤအကျိုးဆက်ကြောင့်၊ ဂိုဏ်းချုပ်အသစ်ကို အသင်းတော်အဆောက်အဦးထဲသို့ ဝင်စေပြီး၊ သူ့ကိုထောက်ခံသူများသည် အခြားတစ်ယောက်ထောက်ခံသော လူပေါင်း ၃၀၀၀ ကျော်ကို သတ်ပစ်ခဲ့လေ၏။

မှန်ပေသည်။ မည်သည့်အချိန်တွင်မဆို၊ ခေါင်းဆောင် များသည် တစ်ဦးကိုတစ်ဦး တိုက်ခိုက်ခဲ့ကြသည့်အခါ၊ မှန်ကန်သော အရာကို လုပ်ဆောင်ခြင်းအားဖြင့်မဟုတ်ဘဲ၊ လူများတို့လိုချင်သောအရာကို လုပ်ပေးခြင်းအားဖြင့် မိမိတို့ထောက်ခံမှုရဖို့ ကြီးကြီးမားမား သွေးဆောင်ခဲ့ကြသည်။ တစ်ချိန်က အာရုန်သည် ဣသရေလလူမျိုးတို့အား ရွှေနွားရုပ်ထုလုပ်ရန် မိုက်မဲစွာ ခွင့်ပြုခဲ့ပုံကို သင်မှတ်မိပါသလား။ သူသည် အဖြစ်အပျက်နှင့်ပတ်သက်ပြီး လုံးဝမယုံနိုင်စရာကောင်းသော လိမ်ညာမှုကိုတောင် ပြောခဲ့၏။ အဘယ်ကြောင့်ဆိုသော် သူက သူကဲ့သို့သော လူများအတွက် သူတို့လိုချင်သည့်အရာများနဲ့ လုပ်ဆောင်ပေးဖို့ ကြိုးစားနေခဲ့သောကြောင့် ဖြစ်သည်။ ထွက်မြောက်ရာကျမ်း ၃၂း ၁-၄၊ ၂၁-၂၄။

အကြောင်းမလှစွာပဲ၊ နှစ်ပေါင်းများစွာ ယောဟန်သေဆုံးခြင်းနောက်သို့လိုက်ခဲ့ကြ၏၊ အသင်းတော်ခေါင်းဆောင်များသည် မိမိတို့အတွက် နောက်လိုက်များရရှိရေးကိုသာ စိတ်ဝင်စားခဲ့ကြ၏။ သူတို့သည် ဘုရားသခင်၏စိတ်တော်နှင့်တွေ့ဆုံရန်ထက် လူတို့၏ စိတ်ကိုကျေနပ်စေလိုသော စိတ်ဆန္ဒရှိလာကြ၏။ ထို့ကြောင့် သူတို့သည် ၎င်းစုံစမ်းသွေးဆောင်ခြင်းသို့ ရောက်ခဲ့ကြလေ၏။

လူအများတို့သည် လူကြိုက်များမှုနှင့် ကြွယ်ဝချမ်းသာမှုကို လိုချင်ကြ၏။ စစ်မှန်သောခရစ်ယာန်ဘာသာသည် သူတို့အား ညှဥ်းပန်းနှိပ်စက်မှုနှင့် ဆင်းရဲနွမ်းပါးမှုကိုသာ ဆောင်ကြဥ်းပေးခဲ့ပြီး၊ သူတို့သည် မိမိကိုယ်ကို ငြင်းပယ်ဖို့ရန်နှင့် ယေရှု၏လက်ဝါးကပ်တိုင်ကို လက်ခံရန် အလိုမရှိခဲ့ကြချေ။ ရှင်လုကာခရစ်ဝင် ၉း၂၃-၂၆။

ဘုရားသခင်က သူ့အား ကိုးကွယ်ဟန်ဆောင်သူများကို မည်သို့ခေါ်သနည်း၊ အမှန်မှာ သူတို့သည် မိမိကိုယ်ကို ကိုးကွယ်နေကြသလား။ စာတန်သည် သူ၏ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ အတွေးအခေါ်အကြံအစည်များကို ယနေ့ခရစ်ယာန်အသင်းတော်များထဲသို့ ယူဆောင်လာရန် ကြိုးစားသည်ဟု သင်ထင်ပါသလား။ ရှင်မဿဲခရစ်ဝင် ၁၅း၇-၉။

**လက်တွေ့ကျင့်သုံးရန်။** ဘုရားဝတ်၌မွေ့လျော်သောခေါင်းဆောင်တစ်ယောက်ဖြစ်ဖို့ရန် မလွယ်ကူပါ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အသင်းတော်ခေါင်းဆောင်များအတွက် ဆုတောင်းပေးဖို့ရန် သတိရသင့်သည်။ သူတို့သည် လူတို့၏အလိုကိုလိုက်ရန် ပြင်းထန်စွာ စုံစမ်းခြင်းခံရသော်လည်း ကိစ္စမရှိပါ၊ ဘုရားသခင်သည် မှန်ကန်သော အရာကို လုပ်ဆောင်ရန် သူတို့အား ကူညီပေးလိမ့်မည်။ ထို့ကြောင့် ဘုရားသခင် ၏ အကူအညီကို ကျွန်ုပ်တို့ဆုတောင်းပေးရမည်ဖြစ်သည်။

## ကြာသပတေးနေ့ | ဗာဟီရဝါဒီများကဲ့သို့ ဖြစ်လာခြင်း ၅

ဤသည် ဘုရားသခင်၏လူများတို့အတွက် ဝမ်းနည်းစရာ အချိန်ကာလတစ်ခုဖြစ်ခဲ့၏။ ဘုရားသခင်အား သံသယမရှိ၊ စိတ်နှလုံးအကြွင်းမဲ့ဖြင့် ချစ်၍ သူ၏နှုတ်ကပတ်တော်အတိုင်း ကိုယ်တော်၏အမှုတော်ကို ထမ်းဆောင်သော ထောင်ပေါင်းများစွာရှိသော်လည်း၊ တစ်ကိုယ်ကောင်းဆန်သည့် အသင်းတော်ခေါင်းဆောင်များသည် သူတို့၏ကိုယ်ပိုင်ချမ်းသာကြွယ်ဝမှုနှင့် သြဇာအာဏာရရှိရန် ကြိုးစားခဲ့ကြ၏။ အဘယ်ကြောင့်ဆိုသော် သူတို့က ရောမအင်ပါယာသည် သူတို့အား လက်ခံဖို့ရန် အလိုရှိကြပြီး၊ ခရစ်ယာန်ဘာသာနှင့် ဗာဟီရဝါဒီကိုးကွယ်မှု(ရုပ်ထုနှင့် အခြားသောဘုရားများကို ကိုးကွယ်မှု) နှစ်ခုကြား ကွဲပြားခြားနားခြင်းကို အလိုအလျောက် ဖုံးကွယ်ဖို့ ကြိုးစားခဲ့ကြ၏။ များစွာသော ဗာဟီရဝါဒီများ (မှားယွင်းသောဘုရားများကို ကိုးကွယ်သူများ) သည် အသင်းတော်သို့ ပူးပေါင်းခဲ့ကြပြီး၊ ယေရှုခရစ်တော်ကို လက်ခံကြောင်း ပြောဆိုခဲ့ကြ၏။ သို့သော် သူတို့သည် ယေရှုခရစ်တော်အားဖြင့် မိမိတို့၏နှလုံးသားများကို ပြောင်းလဲခြင်း ရှိဖို့ရန် သို့မဟုတ် နောင်တရရန်လိုအပ်ကြောင်းကို အလိုမရှိခဲ့ကြချေ။

“ခရစ်ယာန်ဘာသာ” ကို အယူမှားဝါဒ သို့မဟုတ် ဗာဟီရဝါဒီ (ရုပ်ထုနှင့်အခြားသောဘုရားများကို ကိုးကွယ်မှု)နှင့် ပို၍ တူညီအောင်ပြုလုပ်ခဲ့သည့် “အအောင်မြင်ဆုံးသော” နည်းလမ်းများအနက်တစ်ခုမှာ ထင်ရှားကျော်ကြားခဲ့သူနှစ်ဦးဖြစ်သော အလက်ဇန္ဒြီးယားမှ ကလီးမင့် (Clement of Alexandria) နှင့် အော်ရီဂျင် (Origen)တို့မှ ကြီးထွားလာအောင်လုပ်ခဲ့သည်။ သူတို့၏ရည်မှန်းချက်မှာ လောက၏ ဉာဏ်ပညာအားလုံးကိုစုစည်းပြီး၊ ခရစ်တော်၏ဉာဏ်ပညာနှင့် ပေါင်းစည်းရန်ဖြစ်သည်။ သူတို့သည် ဟေလသ (ဂရိ) လူမျိုးများနှင့် အခြားအယူမှားယုံကြည်ချက်များကို သင်ကြားပေးခဲ့သည်။ သို့သော် နောက်ပိုင်း၌သူတို့သည် ခရစ်ယာန်များဖြစ်လာခဲ့ကြ၏။